WHERE EVERY CHILD SUCCEEDS
MY MYANMAR
INTERNATIONAL SCHOOL




# Reward and Acknowledgement Policy

www.mymyanmarschool.com

# Reward and Acknowledgement Policy

At My Myanmar International School, our educational approach and perspectives have always been drawn, shaped, and defined along the lines of child psychology. It is an innate human desire to be appreciated and acknowledged and this feature is most pronounced in children and young adults. My Myanmar International School believes in the psychology of praise and recognition. Yes, we have sanctions and policies in place to check any unruly behavior and to channelize energy toward academic or personal growth. However, we believe that an individual develops to his/her potential best when credited with praise and recognition. At My Myanmar International School, we seek to produce individuals with a high level of consciousness and commitment to the world around them. With this in mind, My Myanmar International School has drawn a policy that aims to maximize the holistic development of its students, staff, and the school community in general.

## Aims and Strategies

The policy aims to motivate individuals to exert themselves mentally, physically, and spiritually to their full potential. In brief, it seeks to prepare them to be a citizen of the world.

- The school gives its students a world-class curriculum, taught by highly experienced teachers and aided with world-class resources to ensure that every student is on an equal footing when it comes to opportunity.
- The school organizes and hosts a number of volunteer and group-based social activities all year round to promote community development. This allows students to be actively involved and gives them a sense of social achievement and boosts their self-esteem.
- The staff at My Myanmar International School is professionally tuned to encourage, amotivate and assist students to take ownership of their learning.

Students whose efforts and attitudes are geared towards self-improvement on any front will be acknowledged and encouraged by the school. These include but are not limited to the following:

- Outstanding achievement in academics, sports, or other learning projects.
- Marked improvement in either of the categories above.
- Leading co-curricular activities or participation/assistance in various school programs and events. This includes participation and achievements outside of the school jurisdiction which promotes growth.
- Numerous grand prizes and certificates for drama, spelling bee, writing contests, elocution, science projects, music, singing, community help, perfect attendance, and so on and so forth.

The school maintains a record of all such efforts and achievements and duly credits students all year round. This in turn is reflected in their improved attitude toward learning, school community, discipline, interpersonal relationships, and in their general approach towards life. The Reward & Acknowledgement Policy is a reminder that the school has its full weight behind each and every student.

MY MYANMAR INTERNATIONAL SCHOOL
"WHERE EVERY CHILD SUCCEEDS"

## ဆုချီးမြှင့်ခြင်းနှင့် အသိအမှတ်ပြုခြင်းမူဝါဒ

My Myanmar International School တွင် ကျွန်ုပ်တို့၏ပညာရေးချဉ်းကပ်မှုနှင့်အမြင်များကို ကလေးစိတ်ပညာအပေါ်အခြေခံ၍ပုံဖော်ထားသည်။ လူသားတိုင်းတွင် အသိအမှတ်ပြုခံရခြင်းနှင့်ကျေးဇူးတင်ခံရခြင်းကို လိုလားသောသဘောဆန္ဒရှိပြီး၊ ဤသွင်ပြင်လက္ခဏာသည် ကလေးများနှင့်လူငယ်များတွင်အထင်ရှားဆုံးဖြစ်သည်။ My Myanmar International School ကျောင်းအုပ်စုသည် ချီးမွမ်းမှုနှင့်အသိအမှတ်ပြုမှု၏ စိတ်ပညာကိုအလေးထားယုံကြည်သည်။ ကျွန်ုပ်တို့တွင် မလိုလားအပ်သောအပြုအမူများကိုထိန်းချုပ်ရန်နှင့် စွမ်းအင်များကို ပညာရေးနှင့်ကိုယ်ရေးကိုယ်တာတိုးတက်မှုဆီသို့ဦးတည်စေရန် စည်းမျဉ်းများနှင့်မူဝါဒများရှိပါသည်။ သို့သော်လူတစ်ဦးသည် ချီးမွမ်းမှုနှင့်အသိအမှတ်ပြုမှုကိုရရှိသောအခါ သူ/သူမ၏စွမ်းရည်ကိုအပြည့်အဝဖော်ထုတ်နိုင်သည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။ My Myanmar International School တွင် ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်အပေါ် အသိစိတ်နှင့်ရည်ရွယ်ချက်မြင့်မားစွာထားရှိသောလူသားများကို မွေးထုတ်ရန်ရည်ရွယ်သည်။ ဤအချက်ကိုထည့်သွင်းစဉ်းစားလျက် My Myanmar International School ကျောင်းအုပ်စုသည် ကျောင်းသား၊ ဆရာများနှင့် ကျောင်းအသိုင်းအဝိုင်းတစ်ရပ်လုံး၏ စံပြအဖြစ် ဖွံ့ဖြိုးမှုကို အမြင့်မားဆုံးဖြစ်စေရန် မူဝါဒတစ်ရပ်ကိုရေးဆွဲထားသည်။

### ရည်မှန်းချက်များနှင့် နည်းဗျူဟာများ

ဤမူဝါဒသည် လူတစ်ဦးချင်းစီအား စိတ်ပိုင်း၊ ရုပ်ပိုင်းနှင့် စိတ်ဝိညာဉ်ပိုင်းဆိုင်ရာအစွမ်းကို အပြည့်အဝဖော်ထုတ်ရန်နှင့် လှုံ့ဆော်ပေးရန်ရည်ရွယ်သည်။ ဤမူဝါဒသည် ကျောင်းသားများအား ကမ္ဘာ့နိုင်ငံသားကောင်းများအဖြစ် ပြင်ဆင်ပေးရန်ရည်ရွယ်သည်။

- ❖ My Myanmar International School ကျောင်းသည် ကျောင်းသားများအား ကမ္ဘာ့အဆင့်မီသင်ရိုးညွှန်းတမ်းများ၊ အတွေ့အကြုံရှိသောဆရာများနှင့် ကမ္ဘာ့အဆင့်မီအရင်းအမြစ်များဖြင့် ပံ့ပိုးပေးထားပြီး ကျောင်းသားတိုင်းအား အခွင့်အလမ်းများတန်းတူညီမျှစွာရပ်တည်နိုင်စေရန်ရည်ရွယ်သည်။
- ❖ ကျောင်းသည် လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နှစ်ပတ်လုံးစေတနာ့ဝန်ထမ်းလုပ်ငန်းများနှင့် အဖွဲ့လိုက်လှုပ်ရှားမှုများကို စီစဉ်ကျင်းပပေးသည်။ ဤသည်မှာ ကျောင်းသားများအားတက်ကြွစွာပါဝင်စေပြီး လူမှုရေးအောင်မြင်မှုနှင့် မိမိကိုယ်ကိုယုံကြည်မှုကိုမြှင့်တင်ပေးသည်။
- ❖ My Myanmar International School ၏ ဆရာများသည်ကျောင်းသားများအား ၎င်းတို့၏သင်ယူမှုကို တာဝန်ယူလုပ်ဆောင်ရန်အားပေးခြင်း၊ လှုံ့ဆော်ခြင်းနှင့်ကူညီပေးခြင်းတို့အတွက် ပရော်ဖက်ရှင်နယ်စိတ်ဖြင့်ပြင်ဆင်ထားသည်။
- ❖ မည်သည့်နယ်ပယ်တွင်မဆို မိမိကိုယ်ကိုတိုးတက်အောင်ကြိုးစားသောကျောင်းသားများ၏ အားထုတ်မှုနှင့်သဘောထားများကို ကျောင်းမှအသိအမှတ်ပြုပြီးအားပေးမည်ဖြစ်သည်။ ဤအချက်များတွင် အောက်ပါတို့ပါဝင်သည် (သို့သော် ဤအချက်များနှင့် ကန့်သတ်မထားပါ) -
  - ပညာရေး၊ အားကစား (သို့မဟုတ်) အခြားသင်ယူမှုစီမံကိန်းများတွင် ထူးချွန်သောအောင်မြင်မှုများ။
  - အထက်ပါအမျိုးအစားများတွင် သိသာထင်ရှားသောတိုးတက်မှုများ။
  - ကျောင်းအစီအစဉ်များနှင့်ပွဲများတွင်ဦးဆောင်ပါဝင်ခြင်း(သို့မဟုတ်)ကူညီပံ့ပိုးခြင်း။ဤတွင်ကျောင်းနယ်နိမိတ်ပြင်ပတွင် ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ပေးသောပါဝင်မှုနှင့်အောင်မြင်မှုများပါဝင်သည်။
  - ပြဇာတ်၊ စာလုံးပေါင်းပြိုင်ပွဲ၊ စာရေးပြိုင်ပွဲ၊ စကားပြောပြိုင်ပွဲ၊ သိပ္ပံစီမံကိန်း၊ ဂီတ၊ အဆိုတော်၊ လူမှုရေးကူညီမှု၊ ပြည့်စုံသောတက်ရောက်မှု စသည့်ဆုများနှင့်လက်မှတ်များ။

ကျောင်းသည် ထိုကဲ့သို့သောအားထုတ်မှုများနှင့် အောင်မြင်မှုများကိုမှတ်တမ်းတင်ထားပြီး တစ်နှစ်ပတ်လုံး ကျောင်းသားများကို သင့်လျော်စွာအသိအမှတ်ပြုပေးသည်။ ဤသည်မှာ ၎င်းတို့၏ သင်ယူမှုဆိုင်ရာသဘောထား၊ ကျောင်းအသိုင်းအဝိုင်း၊ စည်းကမ်း၊ လူမှုဆက်ဆံရေးနှင့် ဘဝဆိုင်ရာချဉ်းကပ်မှုတို့တွင် တိုးတက်မှုကိုထင်ဟပ်စေသည်။ ကျောင်း၏ ဆုချီးမြှင့်မှုနှင့်အသိအမှတ်ပြုမှုမူဝါဒသည် ကျောင်းသားတစ်ဦးချင်းစီ၏နောက်ကွယ်တွင် အပြည့်အဝရပ်တည်ထောက်ခံကြောင်း အမှတ်ရစေသည်။